ကျန်းမာရေးဝန်ကြီးဌာန

(ဂ) ဗိုလ်မှူးကြီး ကျော်လှိုင် — အဖွဲ့ဝင်
တပ်မှူး
ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်

(ဃ) ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ငွေး — အတွင်းရေးမှူး
ဦးစီးအရာရှိ (ပထမတန်း)
ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး

(၉) **လုံခြုံရေးဆပ်ကော်မတီ**

(က) ဗိုလ်မှူးချုပ် ဝေလင်း — ဥက္ကဋ္ဌ
တိုင်းမှူး
နေပြည်တော်တိုင်းစစ်ဌာနချုပ်

| | | |
|---|---|---|
| ( ခ ) | ဗိုလ်မှူးချုပ် ကျော်စိုးဦး<br>ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| ( ဂ ) | ရဲဗိုလ်ချုပ် အောင်နိုင်သူ<br>ဒုတိယရဲချုပ်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်မှူးကြီး ချမ်းဇော်အောင်<br>စစ်ဦးစီးမှူး (ပထမတန်း)<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| ( င ) | ဗိုလ်မှူး ဆန်းဦး<br>စစ်ဦးစီးမှူး (ဒုတိယတန်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)<br>စစ်ဆင်ရေးနှင့် သုတေသနဌာန၊ စစ်ဆင်ရေးဌာနခွဲ | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်သန့်<br>စစ်ဦးစီးမှူး (ပထမတန်း)<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အတွင်းရေးမှူး |

(၁၀) **ပြန်ကြားရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ် ဇော်မင်းထွန်း<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဗိုလ်မှူးချုပ် ရဲရင့်အောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| ( ဂ ) | ဦးရဲနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်မှူးကြီး သန်းလွင်<br>ဦးစီးအရာရှိ (ပထမတန်း)<br>ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| ( င ) | ဒုတိယဗိုလ်မှူးကြီး ဇော်မင်းထိုက်<br>ဦးစီးအရာရှိ (ပထမတန်း)<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး | အတွင်းရေးမှူး |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား အငြိမ်းစားပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း အား ယနေ့မှစ၍ အငြိမ်းစားပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမျိုးဆွေ ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၃/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့သည့် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ** တွင်

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

**(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် **(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း<br>ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | နာယက |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၀) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၁၁) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၂) ဒုတိယဝန်ကြီး အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၃) အမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( ခ ) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ ကြီးကြပ်ကွပ်ကဲသွားရန်၊

(၂) ကော်မတီ/ဆပ်ကော်မတီ အသီးသီးမှ တင်ပြလာသော ကိစ္စအဝဝကို အချိန်မီအဆုံးအဖြတ်ပေးရန်၊

(၃) ပြိုင်ပွဲကြီးတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ ကျယ်ပြန့်စွာပါဝင်ရေးအတွက် အကြောင်းကြားရန်၊

(၄) မမျှော်လင့်သော အသုံးစရိတ်များအတွက် တောင်းခံလာမှုများအပေါ် အမြန် ဆုံးဖြတ်သုံးစွဲခွင့်ပြုရန်၊

(၅) လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များအပေါ် မျက်ခြည်မပြတ် ထိတွေ့လေ့လာ၍ လိုအပ်သော လမ်းညွှန်မှုများပေးရန်၊

(၆) ပြိုင်ပွဲကြီးပြီးဆုံးသည်နှင့် လုပ်ငန်းမှတ်တမ်းစာအုပ် ပြုစုဖြန့်ဝေရန်။

( ဂ ) **ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) ဦးကိုကို ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ဗိုလ်ချုပ် ဇင်မင်းထက် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ဒေါက်တာ အေးထွန်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(၅) အဖွဲ့ဝင် (၃) အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၆) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(၇) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(၈) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(၉) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၁၀) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး (ပို့ဆောင်ရေး)
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၁၁) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၂) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၁၃) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၁၄) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
ကျန်းမာရေးဝန်ကြီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၁၉) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)

(၂၀) စစ်ဗျူဟာမှူး အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၂၁) တပ်မှူး အဖွဲ့ဝင်
အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း

(၂၂) ဒေါ်သင်းသင်းမြတ် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့

(၂၃) ဦးအောင်တင်ဝင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
အကအကဲဖြတ်လုပ်ငန်းအဖွဲ့

(၂၄) ဦးမောင်မောင်လတ် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့

(၂၅) ဦးအောင်ကိန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့

(၂၆) ဒေါက်တာ ရဲဋ္ဌေး — အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့

(၂၇) ဦးဇော်ဋ္ဌေး — အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
ဇာတ်သဘင်အကဲဖြတ်လုပ်ငန်းအဖွဲ့

(၂၈) ဦးမြတ်မင်း — အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းအကဲဖြတ်လုပ်ငန်းအဖွဲ့

(၂၉) ဦးအုန်းမောင် (ခ) မြင်းမူမောင်နိုင်မိုး — အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
ကွက်စိပ်အကဲဖြတ်လုပ်ငန်းအဖွဲ့

(၃၀) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၃၁) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အနုပညာဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဃ) ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ ချမှတ်ထားသော မူဝါဒနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) ဆပ်ကော်မတီများနှင့် ထိတွေ့ညှိနှိုင်းဆက်ဆံပြီး လိုအပ်သောလုပ်ငန်းရပ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်၊

(၃) ပြိုင်ပွဲအသင်းအဖွဲ့များ၏ တင်ပြလာသော အခက်အခဲများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန်၊

(၄) မမျှော်လင့်သော အသုံးစရိတ်များ၊ ကြို/ ပို့ရေးကိစ္စရပ်များအတွက် တာဝန်ယူဖြေရှင်းပေးရန်၊

(၅) ပြိုင်ပွဲကုန်ကျစရိတ်များ၊ ဆုချီးမြှင့်ငွေများအား စိစစ်လျက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူသွားရန်၊

(၆) ပြိုင်ပွဲမစမီ အကြိုရက်များတွင် တိုင်းဒေသကြီး/ ပြည်နယ်တို့နှင့် ညှိနှိုင်းခြင်း၊ ပြိုင်ပွဲကျင်းပစဉ် လိုအပ်သောပံ့ပိုးမှုများပေးခြင်း၊ အပြန်ခရီးနှင့် မြို့တွင်းခရီးစဉ်များအတွက် တာဝန်ယူစီစဉ် ပေးခြင်းများ ဆောင်ရွက်ရန်၊

(၇) ကော်မတီ၊ ဆပ်ကော်မတီများ၏ ယာဉ်လိုအပ်ချက်များကို ညှိနှိုင်းစိစစ်၍ ခွင့်ပြုပေးရန်၊

(၈) ပြိုင်ပွဲမစမီ ရက်ပေါင်း (၅၀) ကြိုတင်၍ လုပ်ငန်းကော်မတီရုံး ဖွင့်လှစ်ဆောင်ရွက်သွားရန်။

၂။ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီသည် လိုအပ်ပါက ဆပ်ကော်မတီများနှင့် ဆပ်ကော်မတီဝင်များကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

## စီးပွားရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကိစ္စရပ်များကို ထိရောက်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် **စီးပွားရေးရာကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် — ဥက္ကဋ္ဌ
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
နိုင်ငံတော်ဝန်ကြီးချုပ်

(ခ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း — အဖွဲ့ဝင်
အဖွဲ့ဝင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း — အဖွဲ့ဝင်
အဖွဲ့ဝင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

(ဃ) ဦးမောင်ကို — အဖွဲ့ဝင်
အဖွဲ့ဝင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

(င) ဦးရွှေကြိမ်း — အဖွဲ့ဝင်
အဖွဲ့ဝင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

(စ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဇ) ဒုတိယဗိုလ်ချုပ်ကြီး ညိုစော — အဖွဲ့ဝင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်

(ဈ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဋ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဌ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဍ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(ဎ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဏ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(တ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ထ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဒ) ပြည်ထောင်စုစာရင်းစစ်ချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဓ) ဦးဝင်းရှိန် — အတွင်းရေးမှူး
ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ စီးပွားရေးရာကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော် (၂) ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၇/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးဟိန်းမင်းဝေ (တ/၃၂၄၁) အား ပခုက္ကူမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးတာဝန် ပူးတွဲထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၅၈၁/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မင်းဘူးမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်သက်နှင်းဝေ (တ/၃၆၅၉) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၅၈၂/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးတိုက်ထူးမင်း<br>တ/၂၈၄၆ | မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>ချမ်းအေးသာစံ<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်ဇင်ဦးပြည့်စုံ<br>တ/၃၄၆၇ | ရေနံချောင်း<br>မကွေးတိုင်းဒေသကြီး |
| ၃။ | ဒေါ်သီတာထွန်း<br>တ/၃၅၅၂ | အောင်မြေသာစံ<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၃၈/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

**အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းခရိုင်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ခြံအမှတ် (၇၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)** ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)** ၏ မှတ်ပုံတင်အမှတ်မှာ (၃၃) ဖြစ်ပါသည်။

သိန်းစိုး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၃၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်ခင်းရပ်၊ ဖက်ခင်းလမ်း၊ ခြံအမှတ် (၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)** ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)** ၏ မှတ်ပုံတင်အမှတ်မှာ (၃၄) ဖြစ်ပါသည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

**ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၄) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်း၊ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးထိန်လင်း၊ ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုလည်းကောင်း၊အဖွဲ့ဝင်အဖြစ်ပါဝင်သောဦးသက်ထွန်း၊ညွှန်ကြားရေးမှူး၊ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ **အစား** ဦးကျော်မိုး၊ ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကိုလည်းကောင်း၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ဒေသခံကိုယ်စားလှယ် (၃) ဦးနေရာတွင် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရခိုင်ပြည်နယ်) မှ အသင်းဝင်များဖြစ်သော ဦးသန်းဦး၊ ဦးမြင့်ဆန်း၊ ဒေါ်မာမာခင် တို့ကိုလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အောင်သော်

ဥက္ကဋ္ဌ

ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၂ အရ ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

(ကက) ဒုတိယဝန်ကြီး (သစ်တော/ပတ်ဝန်းကျင်) — ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃဃ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ငင) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(စစ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဇဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဈဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

| | | |
|---|---|---|
| (ညည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎဎ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တတ) | အထွေထွေမန်နေဂျာ<br>မြန်မာ့သစ်လုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထထ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒဒ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓဓ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (နန) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပပ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဖဖ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဗဗ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဘဘ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(မမ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ယယ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ရရ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(လလ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
အရပ်ဘက်လူမှုအဖွဲ့အစည်းများ

(ဝဝ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
အစိုးရမဟုတ်သော အဖွဲ့အစည်းများ

(သသ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ

(ဟဟ) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/မူဝါဒ) အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဠဠ) ညွှန်ကြားရေးမှူး (မူဝါဒ) တွဲဖက်အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကဏ္ဍအလိုက်မူဝါဒများတွင် ထည့်သွင်းပေါင်းစပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် လိုအပ်သော မူဝါဒများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန် စိစစ်သုံးသပ်တင်ပြခြင်း၊

အခြားသက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများအတွက် အကြံပြုချက်များ တင်ပြခြင်း၊

( ဂ ဂ ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုဆိုင်ရာမူဝါဒ၊ နှစ်တို/နှစ်ရှည်လုပ်ငန်းအစီအစဉ်များ အရ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာဌာန၏ လုပ်ငန်းစီမံကိန်း ရည်မှန်းချက်များနှင့် ဘဏ္ဍာရေးလျာထားချက်များတွင် ထည့်သွင်းရေးဆွဲနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃဃ) ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

( င င ) စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ အတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( စ စ ) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေသည့် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဆဆ) သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာ အသုံးပြုနိုင်ရန် သက်ဆိုင်ရာဌာနများ၏ နှစ်တို/နှစ်ရှည်စီမံကိန်းများ ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဇ ဇ ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းရေး၊ ဇီဝလုံခြုံရေး၊ မျိုးရိုးဗီဇအရင်းအမြစ်များ စနစ်တကျအသုံးချရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဈဈ) မြေအသုံးချမှုမှန်ကန်ရေး သဘာဝသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ ချမှတ်နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ညည) ပွင့်လင်းရာသီတွင် တောမီးနှင့် အခြားမီးများကြောင့် Fire Hotspot များ ထိန်းချုပ်လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဒေသ အလိုက် စီမံချက်များ ရေးဆွဲဆောင်ရွက်ရေး ကြီးကြပ်လမ်းညွှန်ခြင်း၊

( ဋ ဋ ) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးမြှင့်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေးအစီအမံများ ချမှတ်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

( ဌ ဌ ) ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်လေ့လာရေးနှင့် ကဏ္ဍအလိုက်ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ ရှေ့အလားအလာများခန့်မှန်းခြင်းလုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍဍ) ပတ်ဝန်းကျင်ဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဖြေရှင်းခြင်း၊

(ဎဎ) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး လိုအပ်သည့် အစီအစဉ်များ ချမှတ်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဏဏ) ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းစနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(တတ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်တည်ထောင်ရန်လိုအပ်သည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ထထ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ ပြည်တွင်း ပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ လက်ဆောင်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာအကူအညီများ လက်ခံရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဒဒ) မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာကွန်ဗင်းရှင်းများနှင့် အခြားဆက်စပ်ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဓဓ) ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိအမြင်ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် ပညာသင်ကြားရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(နန) ကျောင်းသင်ခန်းစာများတွင် ပတ်ဝန်းကျင်ဆိုင်ရာ သင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ပပ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း၊

(ဖဖ) ကော်မတီမှပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

(ခ) **စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | ဒုတိယဝန်ကြီး (သတ္တု)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ညည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎဎ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တတ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ထထ) ကိုယ်စားလှယ် အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

( ဒဒ ) ကိုယ်စားလှယ် အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

( ဓဓ ) ကိုယ်စားလှယ် အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

( နန ) ကိုယ်စားလှယ် (၁) ဦးစီ အဖွဲ့ဝင်
တိုင်းဒေသကြီးနှင့် ပြည်နယ်
စည်ပင်သာယာရေးအဖွဲ့အစည်းများ

( ပပ ) ကိုယ်စားလှယ် (၁) ဦးစီ အဖွဲ့ဝင်
စက်မှုဇုန်များ (ရန်ကုန်၊ မန္တလေး)

( ဖဖ ) ကိုယ်စားလှယ် (၁) ဦးစီ အဖွဲ့ဝင်
အထူးစီးပွားရေးဇုန်များ (သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်)

( ဗဗ ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
အရပ်ဘက်လူမှုအဖွဲ့အစည်းများ

(ဘဘ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
အစိုးရမဟုတ်သော အဖွဲ့အစည်းများ

( မမ ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ

(ယယ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းချုပ်/သယံဇာတ) အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

( ရရ ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
(ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေး)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) ပတ်ဝန်းကျင်အရည်အသွေးထိန်းသိမ်းရေးနှင့် မြင့်တင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးဆွဲ၍ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

( ခခ ) စွန့်ပစ်ပစ္စည်း၊ အရည်နှင့် အခိုးအငွေ့များကြောင့် လေ၊ ရေနှင့် ပတ်ဝန်းကျင်အရည်အသွေးမထိခိုက်စေရန် စနစ်တကျထိန်းချုပ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ

မရှိစေရေးအတွက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း အပါအဝင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာ နှစ်တို/နှစ်ရှည် လုပ်ငန်း အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဂဂ) စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များနှင့်မြို့ပြဒေသ ပတ်ဝန်းကျင်အရည်အသွေးကောင်းမွန်ရေး နှင့် ရေရှည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ် နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဃဃ) အစိုးရနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်ပျက်စီး မှုများနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၆ (စ) အရ ဆောင်ရွက်နိုင်ရေးအတွက် စိစစ်တင်ပြရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ငင) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးမြှင့်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေး အတွက် အစီအမံများချမှတ်နိုင်ရန် တိုးမြှင့်ဆောင်ရွက်ခြင်း၊

(စစ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအရ ပြဋ္ဌာန်းထားသည့် လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်၊ စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းများ လိုက်နာဆောင်ရွက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊ ဘက်စုံစောင့်ကြပ် ကြည့်ရှုစစ်ဆေးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဆဆ) စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ်တည်ထောင်နိုင်ရေး ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဇဇ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသများ၏ စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ ပြည်တွင်း ပြည်ပမှ ဘဏ္ဍာငွေအထောက်အပံ့များနှင့် နည်းပညာဆိုင်ရာအကူအညီများ လက်ခံရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈဈ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ စွန့်ပစ်ဒြပ်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိဓာတုပစ္စည်းများထားရှိထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများဖြစ်သည့် စတော့ဟုမ်းကွန်ဗင်းရှင်း၊ ဘာဆယ်ကွန်ဗင်းရှင်း၊ မီနာမားတားကွန်ဗင်းရှင်းနှင့် အခြားဆက်စပ်ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ညည) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူတို့ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိအမြင်ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဋဋ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့်

လိုက်လျောညီထွေရှိစေရေးကို အလေးထားစဉ်းစားဆောင်ရွက်ရေး၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေမည့် မြို့ပြလူနေထိုင်မှုစနစ်တည်ထောင်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

( ၄၄ ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

( ၄၅ ) ကော်မတီမှပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂။ ယခင်ကထုတ်ပြန်ခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၂ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ခင်မောင်ရီ
ဥက္ကဋ္ဌ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

[ ယခင်အပတ် အခွန်အယူခံခုံအဖွဲ့ ၂၀၂၂ ခုနှစ်၊ အကောက်ခွန်ပြန်လည်သုံးသပ်မှုအမှတ်-၁၂ မှ အဆက် ]

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးကျော်လင်းမြင့်က ချေပလျှောက်လဲရာတွင် အယူခံလျှောက်ထားသူ၏ အကြောင်းပြချက်များအား ခြုံငုံချေပတင်ပြရပါလျှင် ၉-၁၁-၂၀၂၁ ရက်နေ့ (၁၉:၁၀) နာရီအချိန်ခန့်တွင် ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးဦးစီး၍ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးနှင့် အဖွဲ့က စစ်တောင်းတံတားနှင့် ညောင်ခါးရှည်ကြား (ခန့်မှန်းမိုင်တိုင် ၈၅/၃) တွင် ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်နေစဉ် မော်တော်ယာဉ် Nissan Diesel Truck (6W) အမျိုးအစား၊ ယာဉ်အမှတ် 3B-8824 ခန့်မှန်းတန်ဖိုး ၁၅,၀၀၀,၀၀၀ ကျပ်အား မသင်္ကာဖွယ်ရာတွေ့ရှိရသဖြင့် သွားရောက်စစ်ဆေးရာ အဆိုပါယာဉ်ပေါ်တွင် တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော ပြည်ပမှတင်သွင်းခြင်းကို တားမြစ်ပိတ်ပင်ထားသည့် Heineken (1 x 12 Pcs) (2450-Pkgs) (C/O-Holland) ခန့်မှန်းတန်ဖိုး ၂၄,၅၀၀,၀၀၀ ကျပ်ခန့်ကို သိမ်းဆည်းရမိခဲ့၍ အခင်းဖြစ်မော်တော်ယာဉ်ဖြင့် ပြည်ပမှ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသည့် Beer များကို တရားမဝင်တင်သွင်းလာခြင်းသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့အရ တားမြစ်ထားသည့် အချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပြီး အဆိုပါပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထိုက်သော ပစ္စည်းများအား ရွှေ့ပြောင်းသယ်ဆောင်ရာတွင် အသုံးပြုသည့်မော်တော်ယာဉ်အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ အခင်းဖြစ်ဘီယာများသည် ပြည်ပမှတင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းဖြစ်သည်ဆိုသောအချက်နှင့်ပတ်သက်၍ တင်ပြရလျှင်- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၅-၅-၂၀၂၀ ရက်နေ့၌ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် "ပြည်ပမှတင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများအား ပြင်ဆင်သတ်မှတ်သည့်အမိန့်" အဖြစ် ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး၊ အမိန့်ကြော်ငြာစာ၏ အပိုဒ် (၁) တွင် "ပို့ကုန်သွင်းကုန်ဥပဒေအရ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအား ပြည်ပမှတင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်- (က) ဘီယာ (ခ) စီးကရက် (ဂ) တည်ဆဲဥပဒေအရ ကန့်သတ်၊ တားမြစ်ထားသည့်ကုန်ပစ္စည်းများ"

ဖြစ်သည်ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် "ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်၊ တားမြစ်ထားသည့်ကုန်ပစ္စည်းများ" သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြည်ပမှတင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများအဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားခြင်းကြောင့် အဆိုပါ အခင်းဖြစ်ဘီယာများသည် ပြည်ပမှတင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းများ ဖြစ်နေသည်မှာ ပေါ်လွင်ထင်ရှားနေပါကြောင်း ပြန်လည်သုံးသပ်မှုလျှောက်ထားသူ၏ မော်တော်ယာဉ်ကဲ့သို့ တရားမဝင်ကုန်ပစ္စည်းများအား သယ်ဆောင်ရာတွင်အသုံးပြုသည့် မော်တော်ယာဉ်များအား အရေးယူခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ တွင် စာပိုဒ် ၂၊ စာပိုဒ်ခွဲ (ဂ) ၌ "ပိတ်ပင်တားမြစ်ကုန်ပစ္စည်းဆိုသည်မှာ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း သို့မဟုတ် ပြန်လည်တင်ပို့ခြင်း သို့မဟုတ် တစ်ဆင့်ဖြတ်သန်းကုန်သွယ်ခြင်းမပြုရန် တည်ဆဲဥပဒေ တစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ပိတ်ပင်တားမြစ်သည့် ကုန်ပစ္စည်းကို ဆိုသည်" ဟုလည်းကောင်း၊ အပိုဒ်ခွဲ (စ) ၌ "ယာဉ်ဆိုသည်မှာ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်း များကို သယ်ဆောင်သောမည်သည့်ယာဉ်ကိုမဆို ဆိုသည်" ဟု ပြဋ္ဌာန်းထားသည့်အပြင် အမိန့်ကြော်ငြာစာ၏ စာပိုဒ် ၃၊ စာပိုဒ်ခွဲ (က) အရ "သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ပိတ်ပင်တားမြစ်ကုန်ပစ္စည်း ဖြစ်လျှင် တန်ဖိုးမည်မျှပင်ရှိစေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်" ဟု ပြဋ္ဌာန်းထားသဖြင့် ပြည်ပမှတင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသည့်ဘီယာများကို သယ်ဆောင်ရာတွင်အသုံးပြုသည့် အခင်းဖြစ် မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများအား တင်သွင်းခွင့်ပြုချက် အထောက်အထား စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင်သယ်ဆောင်လာခြင်းကို အရေးယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တွင် ပြဋ္ဌာန်းထား သည်မှာ "ကုန်းလမ်းအကောက်ခွန်အရာရှိတစ်ဦးဦးသည် နိုင်ငံခြားပိုင်နယ်မြေတစ်ခုခုမှ တင်သွင်းလာသည့် ကုန်ပစ္စည်းဖြစ်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် ၎င်းကုန်ပစ္စည်းများအတွက် ထုတ်ပေးထားသောပါမစ်ကို တင်ပြရန် တောင်းဆိုနိုင်သည်။ ပါမစ်နှင့်အတူ မပါရှိလျှင် ယင်းကုန်ပစ္စည်းများကို တားဆီးရမည့်အပြင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်" ဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၇ (၁) (က)အရ "ပုဒ်မ ၅ တွင် ရည်ညွှန်းသည့်ပါမစ် လိုအပ်သောကုန်ပစ္စည်းများကို အဆိုပါ ပါမစ်မပါဘဲ နိုင်ငံခြားပိုင်နယ်မြေသို့ ၎င်းကုန်းလမ်းအကောက်ခွန်ရုံးသို့ ဖြတ်သန်းယူဆောင်ခြင်း သို့မဟုတ် ထိုသို့ယူဆောင်ရန် ကြံစည်အားထုတ် ခြင်းပြုလုပ်လျှင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်" ဟု ပြဋ္ဌာန်းပါရှိပါကြောင်း၊ ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) ၌ "ဤအက်ဥပဒေ အခန်း (၄) အရ တားမြစ်ထားဆဲဖြစ်သည့် သို့မဟုတ် စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ချက် သို့မဟုတ် စည်းမျဉ်း ကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တင်သွင်းလျှင် သို့မဟုတ် တင်သွင်းရန် ကြံစည်အားထုတ်လျှင်" ဟု ဖွင့်ဆိုထားပြီး ပြစ်မှုအနေဖြင့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉ တို့ကို ညွှန်းဆိုထား၍ ပြစ်ဒဏ်အနေဖြင့် "အဆိုပါ ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၈ အရ "ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထိုက်သော ကုန်ပစ္စည်းများကို ရွှေ့ပြောင်းဆောင်ယူရာတွင် အသုံးပြုသည့် ယာဉ်တိုင်း၊ လှည်း သို့မဟုတ် အခြားနည်းဖြင့် သယ်ဆောင်သည့် ယာဉ်တိုင်းနှင့် အရပ်ရပ်မြင်းမှ စ၍ အခြားတိရစ္ဆာန်များကိုလည်း ဆိုခဲ့သည့်နည်းအတိုင်း သိမ်းဆည်းခြင်းခံထိုက်စေရမည်။" ဟု ပြဋ္ဌာန်း ထားသဖြင့် အဆိုပါ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထိုက်သည့် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းများဖြစ်သော Heineken (1 x 12 Pcs) (2450–Pkgs) (C/O–Holland) အား သယ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် Nissan

Diesel Truck (6W) အမျိုးအစား၊ ယာဉ်အမှတ် 3B-8824 မော်တော်ယာဉ်ကို အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသာဖြစ်ပါသည်။

အခင်းဖြစ်မော်တော်ယာဉ်အား တန်ဖိုးတွက်ချက်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ အရ ဖွဲ့စည်းထားသည့် မော်တော်ယာဉ်တန်ဖိုးသတ်မှတ်ရေးအဖွဲ့မှ အခင်းဖြစ်ဘီယာများအား သယ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် Nissan Diesel Truck (6W) အမျိုးအစား၊ ယာဉ်အမှတ် 3B-8824 အား တန်ဖိုး ၁၅,၀၀၀,၀၀၀ ကျပ်ဟု သတ်မှတ်ထားခြင်းသည် အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ထားသော တန်ဖိုးသတ်မှတ်ချက်သာဖြစ်ပါကြောင်း၊ ပြန်လည်သုံးသပ်မှုလျှောက်ထားသူ၏တင်ပြချက်ဖြစ်သည့် ခုံအဖွဲ့က ဘီယာသည် "တားမြစ်ကုန်ပစ္စည်းဖြစ်သည်ဟု သုံးသပ်ထားခြင်းသည် အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် မပါရှိသောစကားရပ်ကို ကောက်ယူသုံးသပ်ထားသည်ကို တွေ့ရှိရပါသည်" ဟူသောအချက်ကို ပြန်လည်ချေပတင်ပြရပါလျှင်- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် "ပြည်ပမှတင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများအား ပြင်ဆင်သတ်မှတ်သည့်အမိန့်" အဖြစ် ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး၊ အမိန့်ကြော်ငြာစာ၏ အပိုဒ် (၁) တွင် "ပို့ကုန်သွင်းကုန်ဥပဒေအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပမှတင်သွင်းခွင့်မပြုသောကုန်ပစ္စည်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်- (က) ဘီယာ (ခ) စီးကရက် (ဂ) တည်ဆဲဥပဒေအရ ကန့်သတ်၊ တားမြစ်ထားသည့် ကုန်ပစ္စည်းများ" ဖြစ်သည်ဟု ဖော်ပြထားပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ပြည်ပမှတင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများအဖြစ် သတ်မှတ်ထားခြင်းကြောင့် အခင်းဖြစ်ဘီယာများသည် ပြည်ပမှတင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းများဖြစ်နေသည်မှာ ပေါ်လွင်ထင်ရှားနေပါကြောင်း၊ ပြန်လည်သုံးသပ်မှု လျှောက်ထားသူ၏ တင်ပြချက်ဖြစ်သည့် "အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ အရ အခင်းဖြစ်ဘီယာများကို ပြည်သူ့ဘဏ္ဍာသိမ်းဆည်းလိုက်ခြင်းသည် ယင်းအမိန့်၏ ရည်ရွယ်ချက်အထမြောက်ပြီးဖြစ်သော်လည်း မော်တော်ယာဉ်ကိုပါ အပြီးအပိုင်ထပ်မံသိမ်းဆည်းခြင်းသည် လွန်စွာကြီးလေးသော ပြစ်ဒဏ်ဖြစ်ပါသည်။" ဟူသောအချက်ကို ပြန်လည်ချေပတင်ပြရပါလျှင် လျှောက်ထားသူ၏ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာခဲ့သော အခင်းဖြစ်ပစ္စည်းများသည် ပြည်ပမှတင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသည့် Heineken Beer များ ဖြစ်နေသည်မှာ ပေါ်လွင်နေခြင်း၊ ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းများအား သယ်ဆောင်သည့် မော်တော်ယာဉ်အား အရေးယူခြင်းနှင့်ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ စာပိုဒ် ၃၊ စာပိုဒ်ခွဲ (က) တွင်ဖော်ပြထားသည့် "သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းဖြစ်လျှင် တန်ဖိုးမည်မျှပင်ရှိစေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်" ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ အခင်းဖြစ်မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ရခြင်းဖြစ်ပါကြောင်း၊ ပြန်လည်သုံးသပ်မှုလျှောက်ထားသူ၏ တင်ပြချက်များဖြစ်သည့် "အခင်းဖြစ်ဘီယာများကို ပိုင်ရှင်ကိုယ်တိုင် သယ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ တစ်ဆင့်ငှားရမ်းထားသည့်ကာလ၌ဖြစ်ပွားခဲ့ခြင်း၊ ဘီယာများကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီးဖြစ်၍ ယာဉ်ကို ထပ်မံသိမ်းဆည်းခြင်းသည် လွန်စွာကြီးလေးသော ပြစ်ဒဏ်ဖြစ်သည်" ဟူသော အကြောင်းပြချက်များနှင့်စပ်လျဉ်း၍ စီရင်ထုံးတစ်ခုဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် စိုးမြင့်နိုင် ပါ-၄၀၊ ၁၉၉၁၊ မြန်မာနိုင်ငံတော် တရားစီရင်ထုံး၊ စာမျက်နှာ-၅၃ စီရင်ထုံး၌ "အမှုတွင် ဥပဒေနှင့်ငြိစွန်းသောပစ္စည်းများကို ပို့ဆောင်ရာ၌ မိမိမော်တော်ယာဉ်ကိုအသုံးပြုသည့်ကိစ္စအား ပိုင်ရှင်က မသိသည်ကိုအကြောင်းပြုပြီး မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းမပြုနိုင်ဟူသော တရားသေ သတ်မှတ်ထားသည့်ဥပဒေမရှိကြောင်း၊ နယ်စပ်ဒေသကို အလွယ်တကူသွားလာနိုင်သောဒေသများတွင် မော်တော်ယာဉ်ပိုင်ရှင်တို့သည်

ယာဉ်မောင်းအစရှိသော မိမိတို့၏ အလုပ်သမားများအား ဥပဒေနှင့်ငြိစွန်းသော ကုန်ပစ္စည်းများမသယ်မိစေရန် ပိုမိုကြီးကြပ်ကွပ်ကဲကြရန် တာဝန်ရှိကြောင်း၊ မိမိမသိရပါဟူသော အကြောင်းပြချက်နှင့် မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းမှ ကင်းလွတ်ခွင့်ရရန် တောင်းဆိုခြင်းမပြုနိုင်ကြောင်း” ကို စီရင်ထုံးဖွဲ့ထားပါကြောင်း၊ သို့ဖြစ်ပါ၍ ပြန်လည်သုံးသပ်မှုလျှောက်ထားသူ၏ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာခဲ့သော အခင်းဖြစ်ဘီယာများသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ ဖြင့် ထုတ်ပြန်၍ ပြည်ပမှတင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသော ကုန်ပစ္စည်းများဖြစ်နေခြင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့ခြင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ တားမြစ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ထားချက်များနှင့်ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ အရ တားမြစ်ထားသည့်အချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ် ဘီယာများအား သယ်ဆောင်ရာတွင်အသုံးပြုသော Nissan Diesel Truck (6W) အမျိုးအစား၊ ယာဉ်အမှတ် 3B-8824 အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် အကောက်ခွန်ဦးစီးဌာနမှ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားပြီးဖြစ်ခြင်း၊ မူလအယူခံမှုတွင်လည်း ရုံးတော်မှ ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆုံးဖြတ်ထားပြီးဖြစ်ခြင်း၊ ပြန်လည်သုံးသပ်မှုလျှောက်ထားသူတင်ပြသည့် သက်သေခံချက်အသစ်များသည် စီရင်ချက်အမိန့်ကို တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေနိုင်သည့် သက်သေခံချက်များမဟုတ်ခြင်း၊ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်များမှာလည်း မူလအယူခံရုံး၏ စီရင်ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ပေးနိုင်လောက်သည့် အချက်အလက်တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် မူလအယူခံရုံး၏ အမိန့်ကိုသာအတည်ပြု၍ ပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားချက်ကို လက်ခံရန်မသင့်ပါကြောင်း ဌာနကိုယ်စား ရုံးတော်သို့ လေးစားစွာလျှောက်ထားခဲ့ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်လျှောက်လဲတင်ပြချက်များကိုကြားနာခဲ့ပြီး အမှုတွဲပါ လျှောက်လဲချက်များကို လေ့လာစိစစ်ရာ လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းက တင်ပြသော လျှောက်ထားချက်၌ “အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ အရ ဘီယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ခြင်းသည် ယင်းအမိန့်၏ ရည်ရွယ်ချက်ပြီးမြောက်ပြီးဖြစ်ပါကြောင်း၊ ဘီယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်၍ ယာဉ်ကို ထပ်မံသိမ်းဆည်းခြင်းသည် လွန်စွာကြီးလေးသည့် ပြစ်ဒဏ်ဖြစ်ပါကြောင်း၊ ယာဉ်ကို ရွေးယူဒဏ်ကြေးတပ်ရိုက်၍ ပြန်ပေးခြင်းသည် ပြစ်ဒဏ်ချမှတ်ခြင်းတစ်မျိုးဖြစ်ပါသောကြောင့် ပြစ်မှုပြစ်ဒဏ်မျှတမှုမရှိပါသဖြင့် ရုံးတော်က ပြန်လည်သုံးသပ်ပေးသင့်ကြောင်း” ဖော်ပြချက်မှာ အယူခံမှုတွင်လည်းတင်ပြခဲ့ပြီး အယူခံခုံအဖွဲ့ကလည်း ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆုံးဖြတ်ထားခဲ့ကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူအကျိုးဆောင်ရှေ့နေက ဘီယာသည် ကန့်သတ်ပစ္စည်းဖြစ်ခြင်းကြောင့် ကန့်သတ်ကုန်ပစ္စည်းများကိုသယ်ဆောင်ရာတွင် အသုံးပြုခဲ့သောယာဉ်ကို အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ၏ စာပိုဒ် ၃၊ စာပိုဒ်ခွဲ (ဂ) အရ အရေးယူသင့်ကြောင်း အစဉ်တစိုက် တင်ပြထားပါကြောင်း၊ နှစ်ဖက်အငြင်းပွားမှုဖြစ်ပေါ်နေခြင်းမှာ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ ပါ “ကန့်သတ်တားမြစ်ထားသည့်ကုန်ပစ္စည်း” ဟူ၍ မတင်မကျမကွဲမပြားသုံးနှုန်းထားခြင်းဖြစ်ကြောင်း၊ ထိုအချက်ကြောင့် နစ်နာမှုပေါ်ပေါက်လျှင် လျှောက်ထားသူ (အခွန်ထမ်းနိုင်ငံသား) ကို အသာပေးဆုံးဖြတ်ခြင်းက ပိုမို၍ တရားမျှတမှုကို ဖြစ်ထွန်းစေပါသဖြင့် ရုံးတော်က ပြန်လည်သုံးသပ်ပေးသင့်ပါကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍ တားမြစ်ကုန်ပစ္စည်းနှင့် ကန့်သတ်ကုန်ပစ္စည်းသတ်မှတ်ခြင်းအပေါ် တိကျသောအသုံးနှုန်းကို ပြန်ကြားပေးနိုင်ရန် အယူခံခုံအဖွဲ့အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ရာ

ယင်းဝန်ကြီးဌာနမှ ၂၀-၆-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ စက-၁၄/၂-၁၂/၂၀၂၂ (၅) ဖြင့် ဘီယာနှင့် စီးကရက်သည် ပို့ကုန်သွင်းကုန်ဥပဒေအရ ပြည်ပမှတင်သွင်းခွင့်မပြုသည့် တားမြစ်ကုန်ပစ္စည်းများဖြစ်ကြောင်း ပြန်ကြားလာ၍ ဘီယာသည် တားမြစ်ထားသောကုန်ပစ္စည်းဖြစ်သည်မှာထင်ရှားသည်။ တားမြစ်ကုန်ပစ္စည်းဖြစ်လျှင် တန်ဖိုးမည်မျှပင်ရှိစေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁၅-၆-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ စာပိုဒ် ၃၊ စာပိုဒ်ခွဲ (က) ၌ အတိအကျသတ်မှတ် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း တွေ့ရှိရသည်။ အကောက်ခွန်ဦးစီးဌာနမှ အခင်းဖြစ်မော်တော်ယာဉ်ကို သိမ်းဆည်းခဲ့ခြင်းသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆန့်ကျင်ကွဲလွဲ၍ ဆောင်ရွက်ထားရှိသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်သည်။

သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

အခွန်အယူခံခုံအဖွဲ့၏ ၂၇-၄-၂၀၂၂ ရက်စွဲပါ ၂၀၂၂ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ် ၁ တွင် ချမှတ်ခဲ့သည့် အမိန့်ကိုအတည်ပြု၍ ဤပြန်လည်သုံးသပ်ပေးစေလိုမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဝင်းတင် | ဝင်းနိုင် | ဦးကြည် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၄၅၁/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

၁။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံအုပ်ချုပ်ရေးကောင်စီများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များအား ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်ဟူသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို အောက်ဖော်ပြပါ အရာထမ်း/အမှုထမ်းများဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

ဦးကျော်တင်ရှိန် ဥက္ကဋ္ဌ

ညွှန်ကြားရေးမှူးချုပ်

(က) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးကျော်သူ<br>ဒုတိယညွှန်ကြားရေးမှူး | ၀၆၇-၇၅၈၁၅၇၆၁၀<br>kyawthujkt@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်နော်လပြည့်ဝန်း<br>လက်ထောက်ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၆၅၅<br>lapyaitwon93@gmail.com | အဖွဲ့ဝင် |
| (၃) | ဦးညီညီကျော်<br>ဌာနခွဲစာရေး | ၀၉-၈၈၉၈၃၅၉၅၀<br>nyinyik344@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) ဦးစီးဌာနအလိုက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်ဖော်ထုတ်ခြင်း၊

(၂) ဝန်ကြီးဌာန ဝန်ထမ်းများနှင့်သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်း၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ (DE) အဖွဲ့ (၁) ထံသို့ ဆက်လက်သတင်းပို့ခြင်း၊

(၄) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ လုပ်ငန်းသဘာဝချင်းတူညီသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

**( ခ ) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုးသူဟိန်း<br>ညွှန်ကြားရေးမှူး/<br>လက်ထောက်အတွင်းဝန် | ၀၉-၇၈၈၈၄၃၈၄၃<br>soethuhein@mofa.gov.mm | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်ဆုမမဟိန်း<br>လက်ထောက်ညွှန်ကြားရေးမှူး | ၀၉-၇၅၁၁၃၀၆၂၇<br>hsumamahein@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်အေးချမ်းမိုး<br>ဌာနခွဲစာရေး | ၀၉-၈၈၆၆၃၂၈၆၉<br>ayechanmoe134611@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်ဖော်ထုတ်ခြင်း၊

(၂) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများနှင့်သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်း၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ (DE) အဖွဲ့ (၂) ထံသို့ ဆက်လက်သတင်းပို့ခြင်း၊

(၄) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ လုပ်ငန်းသဘာဝချင်းတူညီသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

**( ဂ ) ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၁)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဒေါ်ခင်နီလာစိုး<br>ညွှန်ကြားရေးမှူး | ၀၉-၇၉၆၈၉၇၉၁၁<br>khinnilars@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်လဲ့ရည်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၅၀<br>leiyiwin2010@gmail.com | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၃) | ဦးဟန်ဝင်း<br>ဌာနခွဲစာရေး | ၀၉-၄၅၅၅၆၃၆၇၀<br>hanwin1976@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁) မှ ပေးပို့လာသော ကိစ္စရပ်များကိုအခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု မှန်ကန်ကြောင်းပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ အဂတိလိုက်စားမှုဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့အကြံပြုခြင်း၊

(၃) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်မှုအခြေအနေများကို ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

(ဃ) **ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၂)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးရဲမြတ်စိုး<br>ဒုတိယညွှန်ကြားရေးမှူး | ၀၉-၄၃၁၁၈၄၅၉<br>yemyatsoe99@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးယုဝင်း<br>ဒုတိယညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၃၄<br>koyuktth@gmail.com | အဖွဲ့ဝင် |
| (၃) | ဦးဉာဏ်လင်းအောင်<br>ရုံးအုပ် | ၀၆၇-၄၁၂၃၅၂<br>iodept.a.mofa@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂) မှ ပေးပို့လာသော ကိစ္စရပ်များကိုအခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု မှန်ကန်ကြောင်းပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ အဂတိလိုက်စားမှုဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့အကြံပြုခြင်း၊

(၃) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်မှုအခြေအနေများကို ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

( င ) **ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးကျော်တင်ရှိန်<br>ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၄၁၂၃၃၅ | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်အေးမြမြခိုင်<br>ညွှန်ကြားရေးမှူး | ၀၉-၄၂၈၃၂၁၂၀၀<br>ammkhaing145@gmail.com | အဖွဲ့ဝင် |
| (၃) | ဦးလှိုင်အောင်မွန်<br>ဌာနခွဲစာရေး | ၀၉-၅၁၆၀၇၃၅<br>hlaingaungmon24@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။** (၁) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်များရှိပါက အဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်ထံသို့ အစီရင်ခံတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အစီရင်ခံစာ ပေးပို့တင်ပြခြင်း၊

(၂) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသော တိုင်ကြားမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှု အခြေအနေများအား သတင်းထုတ်ပြန်ခြင်း၊

(၃) ဝန်ကြီးဌာနအတွင်းရှိဝန်ထမ်းများနှင့် ပြည်ပသို့သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဝန်ကြီးဌာနအတွင်း ပို့ချသည့်သင်တန်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကို ဘာသာရပ်တစ်ခုအဖြစ်ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေးဆောင်ရွက်ခြင်း။

၂။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှုပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအထက်အဖွဲ့အစည်းများထံသို့ အကြံပြုတင်ပြခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ဖွင့်လှစ်ပို့ချသည့် သင်တန်းများ၊ ပညာပေးဆွေးနွေးပွဲများနှင့် အစည်းအဝေးများတွင် ပူးပေါင်းပါဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
ချမ်းအေး၊ အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

အမှတ် ၆၈။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၂၃) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါ အမှုထမ်း (၁) ဦးအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| ဒေါ်ကြူကြူဝင်း | အသံလွှင့်ကျွမ်းကျင်-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (အသံလွှင့်) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အသံလွှင့်ဌာနခွဲ |

## အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃)

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် "အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေး အဖွဲ့" တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့မှ ရဲမှူးကြီး ညွှန့်ဝေ အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

အမှတ် ၇၁။ ဤဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၅ ဖြင့် ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၊ အဖွဲ့ဝင် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲထူး **အစား** တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးမြင့် ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစန်းငွေး **အစား** တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ထွန်းဦး ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၂၃)

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

### အစမ်းခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၃/၂၀၂၃ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော် (၂) အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲ မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄,၇၄၀ ဧကရှိသောနယ်မြေကို **နမ့်ခုံးကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက် (၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ကျောက်မဲမြို့နယ်၊ မိုးမိတ်မြို့နယ်နှင့် မိုးကုတ်မြို့နယ် နယ်နိမိတ် (၃) ခုဆုံသည့် နမ့်ပချောင်းနှင့် နမ့်ပိုင်ချောင်းဆုံ ခန့်မှန်းမြေပုံညွှန်း 22˚56ˈ42.94ˈˈN, 96˚43ˈ05.96ˈˈE မှ အစပြု၍ အရှေ့ဘက်သို့ နမ့်ပိုင်ချောင်းအတိုင်း ၂,၁၈၂ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚56ˈ37.05ˈˈN, 96˚44ˈ07.74ˈˈE အထိ၊ ထိုမှ အရှေ့ဘက်သို့ နမ့်ပိုင်ချောင်းအတိုင်း ၁,၄၇၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚56ˈ13.53ˈˈN, 96˚44ˈ48.29ˈˈE အထိ၊

အရှေ့ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ နမ့်ပိုင်ချောင်းလက်တက်အတိုင်း ၁,၈၆၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚55ˈ31.96ˈˈN, 96˚44ˈ10.53ˈˈE အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ရေဝေခင်ကြောအတိုင်း ၂,၀၇၁ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚54ˈ41.04ˈˈN, 96˚43ˈ30.21ˈˈE အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ရေဝေခင်ကြောအတိုင်း ၁,၀၉၄ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚54ˈ13.08ˈˈN, 96˚43ˈ11.66ˈˈE အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ရေဝေခင်ကြောအတိုင်း ၁,၇၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚54ˈ29.39ˈˈN, 96˚42ˈ19.62ˈˈE အထိ၊ ထိုမှ တောင်ဘက်သို့ ရေဝေခင်ကြောအတိုင်း ၁,၁၆၆ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚53ˈ55.65ˈˈN, 96˚42ˈ22.38ˈˈE အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ရေဝေခင်ကြောအတိုင်း ၈၃၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚53ˈ47.07ˈˈN, 96˚41ˈ57.22ˈˈE အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ရေဝေခင်ကြောအတိုင်း ၁,၄၉၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚53ˈ11.71ˈˈN, 96˚41ˈ27.85ˈˈE အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ရေဝေခင်ကြောအတိုင်း ၂,၂၃၉ ကိုက်ခန့်လာရာ နမ့်ပိုင်ချောင်းနှင့် ဆုံသည့် ခန့်မှန်းမြေပုံညွှန်း 22˚53ˈ28.07ˈˈN, 96˚40ˈ18.14ˈˈE အထိ၊

အနောက်ဘက်။ ထိုမှ အရှေ့မြောက်ဘက်သို့ နမ့်ပိုင်ချောင်းအတိုင်း ၁,၉၃၆ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚54ˈ07.18ˈˈN, 96˚41ˈ05.47ˈˈE အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ နမ့်ပိုင်ချောင်းအတိုင်း ၁,၃၃၉ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚54ˈ46.64ˈˈN, 96˚41ˈ13.44ˈˈE အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ နမ့်ပိုင်ချောင်းအတိုင်း ၂,၆၆၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚55ˈ48.18ˈˈN, 96˚42ˈ07.36ˈˈE အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ နမ့်ပိုင်ချောင်းအတိုင်း

၁,၃၇၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚56ˈ15.06ˈˈN, 96˚42ˈ40.82ˈˈE အထိ၊ ထိုမှ အရှေ့ဘက်သို့ နမ့်ပိုင်ချောင်းအတိုင်း ၇၁၄ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 22˚56ˈ 13.98ˈˈN, 96˚43ˈ03.62ˈˈE အထိ၊ ထိုမှ မြောက်ဘက်သို့ နမ့်ပိုင်ချောင်းအတိုင်း ၉၈၀ ကိုက်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 22˚56ˈ42.94ˈˈN, 96˚43ˈ05.96ˈˈE အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကျောက်မဲမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကျောက်မဲမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးပေါ်ဟန်<br>ဒေသခံပြည်သူ၊ မန်မော်ကျေးရွာအုပ်စု၊ ကျောက်မဲမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးအောင်ထွန်း<br>ဒေသခံပြည်သူ၊ မန်မော်ကျေးရွာအုပ်စု၊ ကျောက်မဲမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ကျောက်မဲမြို့နယ် | အတွင်းရေးမှူး |

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၃)**

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင်ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့်

အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၅၀ ဧကရှိသော နယ်မြေကို **စခန်းကြီးကြိုးပြင်ကာကွယ်တော အပိုင်း (၁)** အဖြစ် ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက် (၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း 21°21'23.60"N, 96°22'36.20"E မှအစပြု၍ အရှေ့ဘက်သို့ ၂၁၂ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'25.62"N, 96°22'42.50"E အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ရွာငံ-ဟံမြင့်မိုရ်သွား ကားလမ်းအတိုင်း ၂၀၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'20.89"N, 96°22'46.15"E အထိ၊ ထိုမှ တောင်ဘက်သို့ ၂၈၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'12.87"N, 96°22'49.05"E အထိ၊ ထိုမှ တောင်ဘက်သို့ လူသွားလမ်းဟောင်းအတိုင်း ၄၃၄ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'0.20"N, 96°22'51.02"E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂၂၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°20'53.75"N, 96°22'48.99"E အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၁၇၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°20'53.59"N, 96°22'43.70"E အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ၃၈၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'4.61"N, 96°22'40.71"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁၅၁ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'7.54"N, 96°22'44.04"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂၂၂ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'12.18"N, 96°22'39.25"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၃၁၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'20.76"N, 96°22'43.18"E အထိ၊ ထိုမှ အနောက်ဘက်သို့ ၆၇.၉ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'20.39"N, 96°22'41.13"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၉၁.၄ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'21.19"N, 96°22'38.60"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁၀၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°21'22.89"N, 96°22'36.07"E အထိ၊ ထိုမှ မြောက်ဘက်သို့ ၂၄.၉ ကိုက်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 21°21'23.60"N, 96°22'36.20"E အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ

ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ရွှာင်မြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရွှာင်မြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးထွန်းမင်းလတ်<br>ဒေသခံပြည်သူ၊ ဒုတ္တိုးရေကျေးရွာအုပ်စု၊ ရွှာင်မြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးစိုးဝင်း<br>ဒေသခံပြည်သူ၊ စခန်းကြီးကျေးရွာ၊ ဒုတ္တိုးရေကျေးရွာအုပ်စု၊ ရွှာင်မြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ရွှာင်မြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၃)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရွှာင်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၅၀ ဧကရှိသော နယ်မြေကို **စခန်းကြီးကြိုးပြင်ကာကွယ်တော အပိုင်း (၂)** အဖြစ် ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက် (၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း 21˚21'33.44"N, 96˚22'6.91"E မှအစပြု၍ အရှေ့မြောက်ဘက်သို့ ၁၉၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚21'38.10"N, 96˚22'10.18"E အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂၀၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚21'38.94"N, 96˚22'16.53"E အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၂၇၉ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚21'30.92"N, 96˚22'18.54"E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄၀၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚21'23.20"N, 96˚22'28.44"E အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၁၃၅ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚21'22.06"N, 96˚22'24.30"E အထိ၊ ထိုမှ တောင်ဘက်သို့ ၂၄၉ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚21'15.06"N, 96˚22'24.83"E အထိ၊ ထိုမှ အနောက်ဘက်သို့ ၁၁၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚21'14.37"N, 96˚22'21.35"E အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၆၂.၆ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚21ˡ16.16ˡˡN, 96˚22ˡ20.74ˡˡE အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၆၉.၅ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚21ˡ16.31ˡˡN, 96˚22ˡ18.54ˡˡE အထိ၊ ထိုမှ မြောက်ဘက်သို့ ၅၀၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚21ˡ28.50ˡˡN, 96˚22ˡ9.27ˡˡE အထိ၊ ထိုမှ မြောက်ဘက်သို့ ၁၇၉ ကိုက်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 21˚21ˡ33.44ˡˡN, 96˚22ˡ6.91ˡˡE အထိ။

**၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

**၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ရွာငံမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရွာငံမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးထွန်းမင်းလတ်<br>ဒေသခံပြည်သူ၊ ဒုတ္ထိုးရေကျေးရွာအုပ်စု၊ ရွာငံမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးစိုးဝင်း<br>ဒေသခံပြည်သူ၊ စခန်းကြီးကျေးရွာ၊ ဒုတ္ထိုးရေကျေးရွာအုပ်စု၊ ရွာငံမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ရွာငံမြို့နယ် | အတွင်းရေးမှူး |

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၂၈/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ ရုံးအုပ် ဒေါ်အိအိဖြိုး အား ယင်းလုပ်ငန်းရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (စီမံ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၃၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ လက်ထောက်အတွင်းဝန် ဒေါ်လှယဉ်ကျေး အား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ ဘဏ္ဍာရေးဌာနခွဲရှိ လစ်လပ်လျက်ရှိသော လစာနှုန်းတူ ဒုတိယအထွေထွေမန်နေဂျာ (ဘဏ္ဍာ) ရာထူးဖြင့် ဌာနပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၂၃)**

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ရုံးချုပ်၊ ဘဏ္ဍာရေးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ ဒုတိယ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဦးမေဒေး အား ပြည်ထောင်စုဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲရှိ လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ လက်ထောက် အတွင်းဝန် ရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ပြောင်းရွှေ့တာဝန် ချထားလိုက်သည်။

သောင်းဟန်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

**စာရင်းစစ်ကော်မတီဖွဲ့စည်းခြင်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနအသီးသီး၏ ဘဏ္ဍာငွေ ရငွေ၊ သုံးငွေ သုံးစွဲမှု မှန်ကန်ရေး၊ လုပ်ငန်းများ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေး အတွက် လစဉ်စာရင်းများကို ရယူစိစစ်ကြီးကြပ်ခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ကန့်ကွက်ချက် များကို သက်ဆိုင်ရာဌာနအလိုက် ဖြေရှင်းဆောင်ရွက်မှုအပေါ် ကြီးကြပ်ခြင်းလုပ်ငန်းများကို စစ်ဆေးနေသည့် ဌာနတွင်းစာရင်းစစ်ဆေးရေးအဖွဲ့အား ကြီးကြပ်နိုင်ရန်အတွက် စာရင်းစစ်ကော်မတီအဖွဲ့အား အောက်ပါ အတိုင်း ဖွဲ့စည်း၍ တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (စ) | တာဝန်ခံ၊ ဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ (ဝန်ကြီးရုံး) | တွဲဖက်အတွင်းရေးမှူး |

၂။ စာရင်းစစ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဌာနတွင်းစာရင်းစစ်ဆေးမည့် အစီအစဉ်များအပေါ်ကြီးကြပ်ပေးခြင်း၊

(ခ) ဌာနတွင်းစာရင်းစစ်များကို စာရင်းစစ်ဆေးခြင်းနည်းလမ်းများနှင့်အညီ လွတ်လပ်စွာ စစ်ဆေးခွင့်ပြုခြင်း၊

(ဂ) ဌာနတွင်းစာရင်းစစ်ဆေးရာတွင်လိုအပ်သည့် အထောက်အကူများ ပြည့်စုံလုံလောက်မှုရှိစေရန် စီစဉ်ပေးခြင်း၊

(ဃ) ဌာနတွင်းစာရင်းစစ်အဖွဲ့များ၏ အကြံပြုချက်များကို ဌာနများကလက်ခံပြီး လိုက်နာဆောင်ရွက်မှု ရှိ မရှိ ကြီးကြပ်ခြင်း၊

(င) ဌာနတွင်းစီမံခန့်ခွဲမှုစနစ်များ၊ စာရင်းစစ်ဆေးခြင်းများနှင့် ဆုံးရှုံးမှုဖြစ်နိုင်ခြေရှိသည့် ကိစ္စရပ်များလျော့နည်း ပပျောက်ရေးအတွက် လမ်းညွှန်မှုပြုခြင်း။

ဒေါက်တာ သက်သက်ခိုင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ မူလဖွဲ့စည်းပုံကို အရာထမ်းရာထူး (၁၄၁၅) နေရာ၊ အမှုထမ်းရာထူး (၉၄၆၂) နေရာ စုစုပေါင်း (၁၀၈၇၇) နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်းရာထူး (၁၄၁၇) နေရာ၊ အမှုထမ်းရာထူး (၉၄၆၀) နေရာ စုစုပေါင်းရာထူး (၁၀၈၇၇) နေရာဖြင့် မူလဖွဲ့စည်းပုံအင်အားပြောင်းလဲမှုမရှိဘဲ **နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန** အသစ် (၁) ခုတိုးချဲ့၍ အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

( ဦးရေ )

| စဉ် | မူလဖွဲ့စည်းပုံအင်အား | | | | စဉ် | ပြင်ဆင်ဖွဲ့စည်းပုံအင်အား | | | |
|---|---|---|---|---|---|---|---|---|---|
| | ဌာန/ ရုံး | အရာထမ်း | အမှုထမ်း | ပေါင်း | | ဌာန/ ရုံး | အရာထမ်း | အမှုထမ်း | ပေါင်း |
| ၁ | ရုံးအဖွဲ့ | ၃၃ | ၁၄၉ | ၁၈၂ | ၁ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့ | ၃၃ | ၁၄၉ | ၁၈၂ |
| ၂ | စစ်ဆေးရေးဦးစီးဌာန | ၂၃၉ | ၃၃၁ | ၅၇၀ | ၂ | စစ်ဆေးရေးဦးစီးဌာန | ၂၃၉ | ၃၃၁ | ၅၇၀ |
| ၃ | စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန | ၆၅ | ၈၆၃ | ၉၂၈ | ၃ | စီမံရေးရာဦးစီးဌာန | ၃၂ | ၄၇၀ | ၅၀၂ |
| | | | | | ၄ | နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | ၃၅ | ၃၉၁ | ၄၂၆ |
| ၄ | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံး(၁၅)ရုံး | ၄၉၁ | ၁၅၆၂ | ၂၀၅၃ | ၅ | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံး(၁၅)ရုံး | ၄၉၁ | ၁၅၆၂ | ၂၀၅၃ |
| ၅ | ခရိုင်စာရင်းစစ်ရုံးများ | ၂၆၇ | ၁၄၆၉ | ၁၇၃၆ | ၆ | ခရိုင်စာရင်းစစ်ရုံးများ | ၂၆၇ | ၁၄၆၉ | ၁၇၃၆ |
| ၆ | မြို့နယ်စာရင်းစစ်ရုံးများ | ၃၂၀ | ၅၀၈၈ | ၅၄၀၈ | ၇ | မြို့နယ်စာရင်းစစ်ရုံးများ | ၃၂၀ | ၅၀၈၈ | ၅၄၀၈ |
| | စုစုပေါင်း | ၁၄၁၅ | ၉၄၆၂ | ၁၀၈၇၇ | | စုစုပေါင်း | ၁၄၁၇ | ၉၄၆၀ | ၁၀၈၇၇ |

တင်ဦး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၂ ဖြင့် သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၅။ ဤအမိန့်ကြော်ငြာစာအား လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်။

သန်းသန်းဆွေ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကချင်ပြည်နယ်အစိုးရအဖွဲ့**

**ရုံးအမိန့်အမှတ် (၆၅/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) မှတ်တမ်းကောက်နုတ်ချက်အရ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဖွဲ့စည်းပုံတွင် အင်ဂျင်နီယာမှူး (စက်မှု) ရာထူး (၁) နေရာနှင့် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဖွဲ့စည်းပုံတွင် အင်ဂျင်နီယာမှူး (မြို့ပြ) ရာထူး (၁) နေရာတိုးချဲ့ပြီး ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၆၇) နေရာ၊ အမှုထမ်းရာထူး (၂၅၀၉) နေရာ စုစုပေါင်းရာထူး (၂၅၇၆) နေရာဖြင့် တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

ခက်ထိန်နန်

ပြည်နယ်ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်<br>(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

အမှတ် ၇၄/၂၀၂၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ် လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | နိုင်လွင်ကြိုင် | ကြည်း | ၇၉၄၉၄ | ၁–၆–၂၀၂၃ |
| (၂) | လွင်အောင်မိုး | ကြည်း | ၇၉၄၉၅ | ၄–၆–၂၀၂၃ |
| (၃) | မျိုးမြင့် | ကြည်း | ၇၉၄၉၆ | ၆–၆–၂၀၂၃ |
| (၄) | နေမိုးအောင် | ကြည်း | ၇၉၄၉၇ | ၁၆–၆–၂၀၂၃ |
| (၅) | မျိုးမြင့်အောင် | ကြည်း | ၇၉၄၉၈ | ၁၆–၆–၂၀၂၃ |
| (၆) | စိုးလွင် | ကြည်း | ၇၉၄၉၉ | ၁၆–၆–၂၀၂၃ |
| (၇) | မြင့်နိုင် | ကြည်း | ၇၉၅၀၀ | ၁၆–၆–၂၀၂၃ |
| (၈) | တင်ဌွေး | ကြည်း | ၇၉၅၀၁ | ၁၆–၆–၂၀၂၃ |

| | | | | |
|---|---|---|---|---|
| (၉) | မျိုးသန့် | ကြည်း | ၇၉၅၀၂ | ၁၆-၆-၂၀၂၃ |
| (၁၀) | အောင်ခိုင်ချို | ကြည်း | ၇၉၅၀၃ | ၁၈-၆-၂၀၂၃ |
| (၁၁) | ဝင်းကြည် | ကြည်း | ၇၉၅၀၄ | ၁၈-၆-၂၀၂၃ |
| (၁၂) | ကျော်လင်း | ကြည်း | ၇၉၅၀၅ | ၁၈-၆-၂၀၂၃ |
| (၁၃) | ထွန်းထွန်းဦး | ကြည်း | ၇၉၅၀၇ | ၂၄-၆-၂၀၂၃ |
| (၁၄) | ခင်လှိုင်ထွန်း | ကြည်း | ၇၉၅၀၈ | ၂၄-၆-၂၀၂၃ |
| (၁၅) | မောင်မြင့် | ကြည်း | ၇၉၅၀၉ | ၂၄-၆-၂၀၂၃ |
| (၁၆) | ရဲမြင့်သင် | ကြည်း | ၇၉၅၁၁ | ၂၈-၆-၂၀၂၃ |
| (၁၇) | သန်းကိုဦး | ကြည်း | ၇၉၅၁၂ | ၂၈-၆-၂၀၂၃ |
| (၁၈) | ကျော်ကျော်အောင် | ကြည်း | ၇၉၅၁၃ | ၃၀-၆-၂၀၂၃ |

အမှတ် ၇၅/၂၀၂၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်စွဲပါ စာအမှတ်၊ ၂/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | | |
|---|---|---|---|---|
| (၁) | ခင်မောင်ရွှေ | ကြည်း | ၇၉၅၀၆ | ၂၃-၆-၂၀၂၃ |
| (၂) | စောရွှေ | ကြည်း | ၇၉၅၁၀ | ၂၈-၆-၂၀၂၃ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

မှတ်ပုံတင်အမှတ် – ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်<br>(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**Prime Unity Trading Company Limited**

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ (၁၄၇)၊ (၁၅၂) တို့အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **Prime Unity Trading Company Limited** ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၅-၈-၂၀၂၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အဖြစ် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးသန်းအောင် [B.Com (Q), CPA, D.C.Sc]၊ တိုက် (ဘီ)၊ အခန်း (၁၀၂)၊ ကန်တော်လေးအိမ်ရာ၊ ဖဆပလ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၇-၉-၂၀၂၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးညီညီလွင်
အုပ်ချုပ်မှုဒါရိုက်တာ
Prime Unity Trading Company Limited
၏ ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးသန်းအောင်
B.Com (Q) , CPA, D.C.Sc
MAIP အသင်းဝင်အမှတ်– 00063
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
09–250499288

**Shine Express Co., Ltd**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **Shine Express Co., Ltd** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၄-၈-၂၀၂၃) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com , CPA)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၀-၉-၂၀၂၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇော်မင်းပိုက်
မန်နေးဂျင်းဒါရိုက်တာ
Shine Express Co.,Ltd
၏ ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးစိန်ကျော်ဝင်း
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၀၉- ၅၁၂၅၉၈၅

ပ၊ ထ၊ န - အမှတ် ၆၄၀/၂၂/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၈၁၀/ ၁၈-၈-၂၀၂၃။